**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**ပဉ္စမနေ့ အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**[ ကြာသပတေးနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရေနံမ ရဲစခန်းနှင့် လက်ပံတံခါး ရဲစခန်းတို့အတွက် ဝန်ထမ်းအိမ်ရာ အဆောက်အဦအား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် က ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးကြောင်းနှင့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆဘောင်းတယ်ကျေးရွာတွင် ရဲကင်းစခန်း ပြန်လည်ချထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် က လုံခြုံရေးအခြေအနေများအရ လုံခြုံရေးရဲကင်းပြန်လည်ဖွင့်လှစ်နိုင်သည့် အခြေအနေမရှိသေးကြောင်းနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် တင်ပြလာပါက စခန်းဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရာဇဝတ်မှု – မှုခင်းများ၊ ဒုစရိုက်မှုများ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များ အသုံးပြုနိုင်ရန် အရည်အသွေး ကောင်းမွန်သော 4 WD – Double Cub မော်တော်ယာဉ် အသစ်များကို လိုအပ်လျက်ရှိသော မြို့နယ်များသို့ ဖြည့်ဆည်းထောက်ပံ့ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် က မော်တော်ယာဉ်အသစ်များဝယ်ယူပြီးပါက လုပ်ငန်းလိုအပ်လျက်ရှိသော မြို့နယ်များသို့ ဦးစားပေးလဲလှယ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖဲဖိုင်(ခ) အခြေခံပညာအလယ်တန်းကျောင်း အဆောင်(၁)သည် ယိုယွင်းပျက်စီးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် RCC နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က အန္တရာယ်ရှိဆောင်အားဖျက်သိမ်းပြီး (၁၃၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် ရောင်းချနေသော အန္တရာယ်ရှိသည့်အသင့်စားမုန့်များ ပပျောက်စေရန် မည်သို့စီမံကိန်းချမှတ်၍ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းမုန့်ဈေးတန်း အစီအစဉ် (Healthy School Canteen) ကို အကောင်အထည်ဖော်ောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ စိစစ် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပဲခူးတိုင်း ဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် (၁၂၀x၃၀)ပေ နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် ရန်ပုံငွေ ခွဲဝေ ချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ **ပညာ**ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က (၉၀ x ၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင် (၁)ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဆ) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကျောက်တော်မြို့နယ် အတွင်း ပန်ဖဲချောင်း အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် စပ်ကွပ်ချောင်းနှင့် ကျောက်ဖြူရွာသစ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)တို့ကို အခြေခံပညာမူလတန်းကျောင်းများ အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **ပညာ**ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်မှုနှင့် ကိုက်ညီမှုမရှိသဖြင့် ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် ဦးစားပေးကျောင်း အနေဖြင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

(ဇ) ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **တနင်္သာရီ တိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းတွင် (၁၃၀ x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထားသတ်မှတ် ဆောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ **ပညာ**ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က (၁၂၀ x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခေါင်းစဉ် အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးသည်။

၄။ အစည်းအဝေးကို ၁၁:၂၆ နာရီ အချိန်တွင် ရပ်နားပြီး ဆဌမနေ့ အစည်းအဝေး ကျင်းပမည့် အစီအစဉ်ကို ကြေညာတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**